ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၆ ) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ | ၂ - ၅ |
| ၂။ | နိုင်ဂျီးရီးယားတရားရုံးမှ ယူကေအစိုးရအပေါ် သတ္တုတွင်းလုပ်သားများ သေဆုံးမှုအတွက် လျော်ကြေးပေးရန် အမိန့်ချမှတ်ခြင်း | ၆ - ၇ |
| ၃။ | ဗင်နီဇွဲလားနိုင်ငံတွင် အသစ်ပြဋ္ဌာန်းသည့် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေအရ နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းခွင့်ပေးခြင်း | ၈ - ၉ |
| ၄။ | POCSO Act သည် ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာပြစ်မှုများမှ ကာကွယ်သည့် ဒိုင်းတစ်ခုသာဖြစ်ပြီး လူငယ်များ၏ နှစ်ဦးသဘောတူ ဆက်ဆံရေးကို ဖိနှိပ်သည့်ယန္တရားတစ်ခုမဟုတ်ကြောင်း ရာဂျက်စ်သန် ပြည်နယ်တရားရုံးချုပ်က ဆုံးဖြတ်ခြင်း | ၁၀-၁၂ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၆ ) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ အရေးပေါ်အခြေအနေ ဆက်လက်ကြေညာခြင်း၊ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဥပဒေ၊ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အကောက်ခွန်နှုန်းလျှော့ချသတ်မှတ်ခြင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅/၂၀၂၆ဖြင့် ပြဋ္ဌာန်းခဲ့သော ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည် သစ်၊ ဝါးဖြင့် ဆောက်လုပ်သည့်အဆောက်အအုံများမှအပ မြန်မာနိုင်ငံဆောက်လုပ်မှုကဏ္ဍတွင် ပါဝင်သည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးနှင့်သက်ဆိုင်သော အခြေခံအဆောက်အဦများဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းများနှင့် သက်ဆိုင်စေရမည်ဖြစ်ပြီး ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် နေ့ရက်မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ဤဥပဒေတွင် အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်၊ ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ဒေသဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ဦးစီးဌာန၏လုပ်ငန်းတာဝန်များ၊ တည်ဆောက်သူ၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ တတိယအဖွဲ့အစည်း၊ အရည်အသွေးထောက်ခံချက်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း၊ အယူခံခြင်း၊ တားမြစ်ချက်များ၊ ပြစ်ဒဏ်များ၊ အထွေထွေ စသည်ဖြင့် အခန်း (၁၈)ခန်းနှင့် ပုဒ်မပေါင်း ၈၅ ခု တို့ကို ပြဋ္ဌာန်းထားပါသည်။

နိုင်ငံတော်၏ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒနှင့် စံချိန်စံညွှန်းများကို ချမှတ်၍ တစ်ပြေးညီကျင့်သုံး အကောင်အထည်ဖော်နိုင်ရန်နှင့် ကြီးကြပ်စီမံဆောင်ရွက်နိုင်ရန်၊ ဆောက်လုပ်မှုကဏ္ဍကို စနစ်ကျန၍ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်နှင့်အညီ တိုးတက်လာသည့် တည်ဆောက်ရေးဆိုင်ရာနည်းပညာများအား မိမိနိုင်ငံရေမြေသဘာဝနှင့် ကိုက်ညီဆီလျော်အောင် စဉ်ဆက်မပြတ်လေ့လာသုတေသနပြု အသုံးပြုနိုင်ရန်၊ အများပြည်သူများနှင့် အသုံးပြုသူများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး အရည်အသွေးပြည့်မီကောင်းမွန်၍ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရသော သဘာဝဘေးဒဏ်ခံ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေမှုရှိသည့် အခြေခံအဆောက်အဦများ ထွက်ပေါ်လာရန်၊ အခြေခံအဆောက်အဦများ ဆောက်လုပ်ရာတွင် သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် စစ်ဆေးခြင်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် တည်ဆောက်ရေးပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်ညီညွတ်စေရန်၊ တည်ဆောက်ပြီး အခြေခံအဆောက်အဦများ သက်တမ်းအလိုက် စဉ်ဆက်မပြတ်ကြံ့ခိုင်ရေးအတွက် ပုံမှန်ထိန်းသိမ်းရေး၊ အရေးပေါ်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်

ဆောင်ရွက်ရေးတို့ကို စနစ်တကျဆောင်ရွက်နိုင်ရန်အလို့ငှာ ရည်ရွယ်၍ ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤဥပဒေတွင် ဆောက်လုပ်မှုကဏ္ဍ၊ တည်ဆောက်ရေးနှင့်သက်ဆိုင်သော ဝန်ဆောင်မှု လုပ်ငန်း၊ လုပ်ငန်းစီမံကိန်း မစတင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ တည်ဆောက်မှုလုပ်ငန်းစဉ်၊ လုပ်ငန်းပိုင်ရှင်၊ တည်ဆောက်သူ(ကန်ထရိုက်တာ)၊အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင် အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ ဗိသုကာနှင့် အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၊ တတိယအဖွဲ့အစည်း၊ လုပ်ငန်းခွင်ကြီးကြပ်သူ၊ အရည်အသွေး ထောက်ခံချက်လက်မှတ်၊ အသိအမှတ်ပြုခေတ်ခွဲခန်းစသည့် စကားရပ်များ၏အနက်အဓိပ္ပာယ်ဖွင့်ဆို ချက်များ၊ လုပ်ကိုင်ဆောင်ရွက်ခွင့်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လျှောက်ထားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ပြဋ္ဌာန်းထား ပါသည်။

ဤဥပဒေ၏ အခန်း(၁၆)တွင် တားမြစ်ချက်များကို ပြဋ္ဌာန်းထားပြီး အခန်း(၁၇)တွင် ပြစ်ဒဏ် များကို ပြဋ္ဌာန်းထားပါသည်။အခန်း(၁၆)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သိရှိသူမည်သူမဆို ဦးစီးဌာနသို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊အဖွဲ့အစည်းသို့ တိုင်ကြားနိုင်ကြောင်းနှင့် အခန်း(၁၇)ပါပြစ်မှုများကို တရားစွဲဆိုရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့၏အစီရင်ခံစာဖြင့် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊အဖွဲ့အစည်းက တာဝန်ပေးအပ်သည့် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက် မနိမ့်သောအရာရှိက တရားလိုပြုလုပ်၍ တရားစွဲဆိုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထား သည်ကို တွေ့ရှိရပါသည်။

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နောက်ဆုံးထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ လုပ်ငန်းနယ်ပယ်အလိုက် သတ်မှတ်စံချိန် စံညွှန်းများ၊ ဆောက်လုပ်မှုလုပ်ငန်းစီမံခန့်ခွဲခြင်းဆိုင်ရာ စည်းမျဉ်းများ၊ မြန်မာနိုင်ငံမီးဘေးလုံခြုံရေး

ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး မည်သူမဆို မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းများအောက်လျော့နည်း၍ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ အရည်အသွေးထောက်ခံချက်လက်မှတ် မရရှိသည့် တည်ဆောက်ရေးပစ္စည်းအား အသုံးပြုတည်ဆောက်ခြင်းကြောင့် အဆိုပါအဆောက်အအုံသည် မမျှော်မှန်းနိုင်သောကိစ္စရပ်မှအပ သတ်မှတ်သက်တမ်းမတိုင်မီ ပျက်စီးယိုယွင်းကြောင်း၊ ပြိုကျပျက်စီးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ အဆောက်အအုံအား အရည်အသွေးပြည့်မီအောင်ပြုပြင်ခြင်း သို့မဟုတ် အသစ်ပြန်လည်တည်ဆောက်ပေးခြင်း သို့မဟုတ် အဆိုပါပြုပြင်ခြင်း သို့မဟုတ် အသစ်တည်ဆောက်ခြင်း တန်ဖိုးနှင့်ညီမျှသော လျော်ကြေးငွေကို နစ်နာသူအားပေးဆောင်ခြင်းပြုရမည်ဟူသော ပြဋ္ဌာန်းချက်ကိုလည်း စိတ်ဝင်စားဖွယ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်စပ်လျဉ်း၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## နိုင်ဂျီးရီးယားတရားရုံးမှ ယူကေအစိုးရအပေါ် သတ္တုတွင်းလုပ်သားများ သေဆုံးမှုအတွက် လျော်ကြေးပေးရန် အမိန့်ချမှတ်ခြင်း

နိုင်ဂျီးရီးယားနိုင်ငံ၊ အီနူဂူအထက်တရားရုံးက ၅-၂-၂၀၂၆ ရက်နေ့ ကြာသပတေးနေ့တွင် အလုပ်သမား ၂၁ ဦး သေဆုံးစေခဲ့သော ၁၉၄၉ ခုနှစ် သတ္တုတွင်းအခင်းဖြစ်ပွားမှုအတွက် ယခင်ဗြိတိသျှကိုလိုနီအစိုးရတွင် တာဝန်ရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

တရားသူကြီး အန်သိုနီအိုနိုဗိုသည် နစ်နာသူတစ်ဦးစီ၏မိသားစုအား ပေါင် ၂၀သန်း လျော်ကြေးပေးရန် ဆုံးဖြတ်ခဲ့ပြီး အဆိုပါလျော်ကြေးငွေသည် "အသက်ရှင်ရန် အခွင့်အရေးချိုးဖောက်မှုများအတွက် ထိရောက်သောကုစားမှုနှင့်လျော်ကြေး"ဖြစ်စေလိမ့်မည်ဟု ၎င်းက ပြောကြားခဲ့သည်။၎င်း၏ဆုံးဖြတ်ချက်တွင်"ဤခုခံကာကွယ်မှုကင်းမဲ့သော ကျောက်မီးသွေးတွင်းလုပ်သားများသည် အလုပ်ခွင်အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် တောင်းဆိုခဲ့ကြပြီး ၎င်းတို့သည် အာဏာပိုင်များအပေါ် အကြမ်းဖက်လုပ်ဆောင်မှုများ မပြုလုပ်ခဲ့သော်လည်း ပစ်သတ်ခံခဲ့ရသည်"ဟု ပြောကြားခဲ့သည်။

၎င်း၏ဆုံးဖြတ်ချက်တွင် ဗြိတိန်အစိုးရမှ လျော်ကြေးအပြည့်အဝပေးချေရမည့်အပြင် အတိုးနှုန်းအနေဖြင့် နှစ်စဉ် ၁၀ ရာခိုင်နှုန်း ထပ်မံထည့်သွင်းပေးရန်၊ ဗြိတိန်အစိုးရအနေဖြင့် တရားဝင် "တောင်းပန်မှု"ထုတ်ပြန်ရန်နှင့် အဆိုပါတောင်းပန်မှုများကို နစ်နာသူများ၏ မိသားစုဝင်များထံ ပေးပို့ပြီး နိုင်ဂျီးရီးယားနှင့် ယူနိုက်တက်ကင်းဒမ်း နှစ်နိုင်ငံလုံးရှိ အမျိုးသားသတင်းစာများတွင် ထုတ်ဝေဖော်ပြရန် အမိန့်ချမှတ်ခဲ့ပါသည်။

၁၉၄၉ ခုနှစ်တွင် Iva Valley ကျောက်မီးသွေးသတ္တုတွင်း၌ သတ္တုတွင်းလုပ်သားများသည် ခက်ခဲပြီး ဆိုးရွားသည့်လုပ်ငန်းခွင်အခြေအနေများနှင့် လူမျိုးရေးအရ လုပ်ခလစာမညီမျှမှုများအပေါ် ဆန္ဒပြခဲ့ကြပြီး ဖိအားပေးသည့် နည်းလမ်းတစ်ရပ်အနေဖြင့် လုပ်ငန်းများကို အချိန်ဆွဲ၍ နှေးကွေးစွာ

ဆောင်ရွက်သည့်နည်းလမ်းများကို အသုံးပြုခဲ့ကြသည်။ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် လုပ်သား ၂၁ ဦး သေဆုံးပြီး ၅၁ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါအခြေအနေသည် ၁၉၆၅ ခုနှစ်က ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့် အခြေအနေနှင့် တူညီမှုရှိကြောင်း တွေ့ရှိရသည်။ ဒုတိယကမ္ဘာစစ်အတွင်း Burmah Oil အမှုတွင် ဗြိတိသျှတပ်ဖွဲ့များသည် Burmah Oil ၏ စက်ရုံများကို ဖျက်ဆီးခဲ့သဖြင့် လျော်ကြေးပေးရန် Burmah Oil က UK အစိုးအပေါ် တရားစွဲဆိုခဲ့ရာ အထက်လွှတ်တော် (House of Lords)က Burmah Oilကို အနိုင်ပေးဆုံးဖြတ်ခဲ့သည်။ထို့နောက် UK ပါလီမန်သည် ၁၉၆၅ ခုနှစ် ၊ စစ်လျော်ကြေးအက်ဥပဒေ(The War Damages Act 1965) ကို စတင်ကျင့်သုံးခဲ့ပြီး အဆိုပါဥပဒေကို နောက်ကြောင်းပြန်အာဏာ သက်ရောက်စေကာ House of Lords၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ စစ်ပွဲနှင့်ဆက်စပ်သော ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးပေးရန် မရှိကြောင်း ကြေညာခဲ့သည်။

သို့ဖြစ်ရာ ဗြိတိသျှအစိုးရအနေဖြင့် သတ္တုတွင်းလုပ်သားများ သေဆုံးမှုသည် The War Damages Act 1965 နှင့်အကျုံးဝင်သည်ဟု ငြင်းဆို၍ အဆိုပါလုပ်သားများ သေဆုံးမှုအတွက် လျော်ကြေးပေးဆောင်လိမ့်မည် မဟုတ်ကြောင်း သုံးသပ်ထားကြသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- https://www.jurist.org/news/2026/02/nigeria-court-orders-uk-to-pay-reparations-for-deaths-of-21-coal-miners/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၆ ) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်

## ဗင်နီဇွဲလားနိုင်ငံတွင် အသစ်ပြဋ္ဌာန်းသည့် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေအရ နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းခွင့်ပေးခြင်း

ဗင်နီဇွဲလားနိုင်ငံတွင် ၁၉-၂-၂၀၂၆ ရက်နေ့၌ လက်မှတ်ရေးထိုးအတည်ပြုခဲ့သော လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအနေဖြင့် လူပေါင်း ၃,၀၀၀ ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း ဗင်နီဇွဲလားလွှတ်တော်အမတ်များက ၂၄-၂-၂၀၂၆ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

အဆိုပါဥပဒေကို စောင့်ကြည့်ရန် ဖွဲ့စည်းထားသည့် ဒီမိုကရက်တစ်ယှဉ်တွဲနေထိုင်ရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေ စောင့်ကြည့်ရေးအထူးကော်မရှင်၏ ဥက္ကဋ္ဌက ၂၄-၂-၂၀၂၆ ရက်နေ့အထိ လွတ်ငြိမ်းချမ်းသာခွင့် လျှောက်ထားမှု ၄၀၀၀ ကျော် တင်သွင်းထားပြီး အကျဉ်းသား ၁၇၉ ဦးနှင့် အာမခံဖြင့် စောင့်ကြည့်ခံထားရသူ ၃၀၅၂ ဦး တို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ထို့ပြင် လွတ်ငြိမ်းချမ်းသာခွင့်လျှောက်လွှာများကို ဆောင်ရွက်ရာတွင် တရားရုံးချုပ်၊ အစိုးရရှေ့နေရုံးနှင့် Ombudsman ရုံးတို့၏ အရှိန်အဟုန်ဖြင့် ဆောင်ရွက်မှုများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေသည် ၁-၁-၁၉၉၁ ရက်နေ့မှ ဥပဒေစတင်အကျိုးသက်ရောက်သည့်နေ့အတွင်း နိုင်ငံရေးမှု သို့မဟုတ် နိုင်ငံရေးမှုနှင့်ဆက်နွှယ်သည့် ရာဇဝတ်မှုကျူးလွန်သူများနှင့် ယင်းအမှုများဖြင့် တရားစွဲခံရသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ရည်ရွယ်ပါသည်။ဥပဒေသည် ကြံရွယ်ချက်ဖြင့် လူသတ်မှု၊ အဂတိလိုက်စားမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ပြည်သူပိုင်ပစ္စည်းအပေါ် ကျူးလွန်သည့်ပြစ်မှုများနှင့် ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် ကြီးလေးသည့်ရာဇဝတ်မှုများနှင့် သက်ဆိုင်ခြင်း မရှိပါ။

ယာယီသမ္မတ Delcy Rodriguez က လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေသည် နိုင်ငံအတွင်း နိုင်ငံရေးအကြမ်းဖက်မှုနှင့် အမုန်းပွားမှုဆိုင်ရာ ရာဇဝတ်မှုများကို တားဆီးရန်နှင့် ငြိမ်းချမ်းရေး၊ အချုပ်အခြာအာဏာနှင့် အပြန်အလှန်အသိအမှတ်ပြုမှုဆိုင်ရာပတ်ဝန်းကျင် ဖန်တီးရန်အတွက် မဟာဗျူဟာမြောက် အရေးပါကြောင်း ပြောကြားခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၆ )　　　၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်

ဗင်နီဇွဲလားနိုင်ငံသားများအခွင့်အရေးဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် Foro Penalက လွတ်ငြိမ်းချမ်းသာခွင့်တောင်းဆိုမှုများအား လက်ခံဆောင်ရွက်ရာတွင် တရားရုံးများသည် ပိုမိုစနစ်ကျမှုရှိသည်ဟု မှတ်ချက်ပြုခဲ့ပါသည်။ သို့ရာတွင် အချို့သော လူ့အခွင့်အရေးအဖွဲ့အစည်းများက လွတ်ငြိမ်းခွင့်လျှောက်လွှာများ လုပ်ဆောင်ရာတွင် နှောင့်နှေးမှုများရှိမည်ကို စိုးရိမ်ကြောင်း၊ တရားဝင်ကိန်းဂဏန်းများနှင့် လွတ်လပ်သော NGOများ၏ စိစစ်တွေ့ရှိမှုများအကြား ကွဲပြားမှုများရှိနိုင်ကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ ၂၄-၂-၂၀၂၆ ရက်နေ့အထိ အကျဉ်းကျနေသူ ၁၀၉ ဦးကို အပြည့်အဝလွတ်လပ်ခွင့်ပေးထားကြောင်း Folo Penal အဖွဲ့အစည်းက အတည်ပြုထားပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်-

https://www.jurist.org/news/2026/02/venezuela-political-prisoners-granted-freedom-under-newly-enacted-amnesty-law/

**POCSO Act သည် ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာပြစ်မှုများမှ ကာကွယ်သည့် ဒိုင်းတစ်ခုသာဖြစ်ပြီး လူငယ်များ၏ နှစ်ဦးသဘောတူဆက်ဆံရေးကို ဖိနှိပ်သည့် ယန္တရားတစ်ခု မဟုတ်ကြောင်း ရာဂျက်စ်သန်ပြည်နယ်တရားရုံးချုပ်က ဆုံးဖြတ်ခြင်း**

ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများမှ ကာကွယ်ပေးရေးအက်ဥပဒေ Protection of Children from Sexual Offences Act, 2012 (POCSO Act)သည် အိန္ဒိယနိုင်ငံရှိ ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ကျူးလွန်မှုများမှ ကာကွယ်သည့် ဥပဒေတစ်ခုဖြစ်ပြီး ဆယ်ကျော်သက်လူငယ်များ၏ အပြန်အလှန်ဆက်ဆံရေးကို ဖိနှိပ်အရေးယူသည့် ယန္တရားတစ်ခုအဖြစ် အသုံးပြုရန် မဟုတ်ကြောင်း အိန္ဒိယနိုင်ငံ၊ ရာဂျက်စ်သန်ပြည်နယ်တရားရုံးချုပ်က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တွင် ထည့်သွင်းသုံးသပ်ဖော်ပြခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်အတွင်းက ရာဂျက်စ်သန်ပြည်နယ်၊ ဂျိုင်ပူရ်ကျေးလက်ဒေသတွင် အသက် ၁၇နှစ်အရွယ် အမျိုးသမီးတစ်ဦးအား သွေးဆောင်ဖြားယောင်းကာ လိင်အမြတ်ထုတ်ကျူးလွန်ခဲ့မှုဖြင့် အသက် ၁၉ နှစ်အရွယ် အမျိုးသားတစ်ဦးကို POCSO Act အရ တိုင်တန်းခဲ့သည့်အမှုအား စစ်ဆေးစဉ် နစ်နာသူအမျိုးသမီးက ၎င်းနှင့် စွပ်စွဲခံရသူသည် နှစ်ဦးသဘောဆန္ဒတူညီစွာဖြင့် ရက်ပေါင်းများစွာ နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စွပ်စွဲခံရသူက အတင်းအကြပ်ခေါ်ဆောင်ခဲ့ခြင်း မဟုတ်ဘဲ ၎င်းနှင့် ချစ်ကြိုက်နေသူဖြစ်ကြောင်း ထွက်ဆိုခဲ့ခြင်းဖြစ်သည်။ထိုသို့ထွက်ဆိုချက်အရ ရာဂျက်စ်သန်ပြည်နယ်တရားရုံးချုပ်သည် စွပ်စွဲခံရသူအား အမှုမှလွှတ်သည့် အမိန့်ချမှတ်ရာတွင် ဆယ်ကျော်သက်လူငယ်များ၏ဆက်ဆံရေးကို POCSO Act ဖြင့် ဖိနှိပ်ခြင်း မပြုသင့်ကြောင်း သုံးသပ်ခဲ့ခြင်းဖြစ်သည်။

တရားရုံးချုပ်တရားသူကြီး အနီလ်ကူးမားရ်အုပ်မန်း (Justice Anil Kumar Upman) က "အခွင့်အရေးမယူဘဲ နှစ်ဦးသဘောတူ မေတ္တာမျှချစ်ကြိုက်နေတဲ့ဆက်ဆံရေးကြောင့် အသက် ၁၆ နှစ်၊ အသက် ၁၉ နှစ် ဝန်းကျင်အရွယ် ဆယ်ကျော်သက်လူငယ်တွေဟာ POCSO Act အရ မမျှတစွာ

အပြစ်ပေးခံနေရတာတွေကို တွေ့ရပါတယ်”ဟု ဖော်ပြခဲ့သည်။ ထို့ပြင် ဥပဒေအား မမှန်မကန် အသုံးပြုခြင်းသည် လူငယ်များ၏အနာဂတ်ကို ပျက်စီးစေပြီး POCSO အက်ဥပဒေ ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်ကိုပင် ချိုးဖျက်ရာရောက်ကြောင်း ပြောကြားခဲ့သည်။"ဤကဲ့သို့ ခိုင်မာသောဥပဒေအား စက်ရုပ်ကဲ့သို့ မျက်စိမှိတ်ကျင့်သုံးခြင်းသည် တရားမျှတမှု၏အခြေခံသဘောတရားများကို ဆန့်ကျင်ရာ ရောက်ပါတယ်"ဟု တရားရုံးက မှတ်ချက်ပြုခဲ့သည်။

ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများမှ ကာကွယ်ပေးရေးအက်ဥပဒေ Protection of Children from Sexual Offences Act, 2012 (POCSO Act)ကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး အိန္ဒိယနိုင်ငံတစ်ဝှမ်းလုံးတွင် အာဏာတည်သော ဥပဒေတစ်ခုဖြစ်သည်။ ယင်းဥပဒေကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များတွင် ပြင်ဆင်ခဲ့သည်ကိုလည်း တွေ့ရသည်။ ကလေးသူငယ်များ အပေါ် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများ၊ နှောင့်ယှက်မှုများ၊ ကလေးသူငယ်၏ဓာတ်ပုံများကို ညစ်ညမ်းစာပေ၊ ဓာတ်ပုံများအဖြစ် ဖော်ပြမှုများမှ ထိရောက်စွာကာကွယ်ရန် ယင်းဥပဒေကို ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး အသက် ၁၈ နှစ်အောက် အရွယ်ရှိသည့် မည်သူမဆို ကလေးသူငယ်ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။

POCSO Act ဖြင့် စွဲဆိုသောအမှုများတွင် ဆယ်ကျော်သက်များကြား အပြန်အလှန်သဘောတူသည့်ဆက်ဆံရေးများ ပါဝင်လေ့ရှိကြောင်း၊ ထိုသို့ဆက်ဆံရေးများတွင် မိသားစုဖိအား၊ ဘာသာရေးတားမြစ်ချက်၊ အမျိုးဇာတ်ခွဲခြားမှု၊ လူမှုရေးဆိုင်ရာဆန့်ကျင်မှုများ ဖြစ်ပေါ်လာပါက ထိန်းချုပ်အပြစ်ပေးရေးကိရိယာအဖြစ် POCSO Act အား အသုံးပြုလာကြသည်ကို တရားရုံးများက လေ့လာတွေ့ရှိရကြောင်း၊ထို့ကြောင့် မိသားစုများက လက်မခံနိုင်သော ဆယ်ကျော်သက်များ၏ဆက်ဆံရေးကို ဖျက်သိမ်းရန် ရာဇဝတ်ဥပဒေကို အသုံးပြုပါက လူငယ်များ၏ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှုနှင့် လူနေမှုဘဝကို များစွာထိခိုက်ပျက်စီးစေကြောင်း မှတ်ချက်ပြုခဲ့သည်။

ရာဂျက်စ်သန်ပြည်နယ်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်တွင် အသက် ၁၈ နှစ်အရွယ်နှင့် ယင်းအသက်အပိုင်းအခြားဝန်းကျင် အသက်အရွယ်ရှိ လူငယ်များ၏ နှစ်ဦးသဘောတူဆက်ဆံရေး ကိစ္စရပ်များအား POCSO Act ဖြင့် အရေးယူခြင်းမှ ကင်းလွတ်သည့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို POCSO Act တွင် ထည့်သွင်းသင့်ကြောင်း၊ ယင်းပြဋ္ဌာန်းချက်အပိုဒ်ကို Romeo-Juliet Clause ဟု ဖော်ပြသင့်ကြောင်း၊ ထိုသို့ပြဋ္ဌာန်းချက်ရှိပါက POCSO Act အရ စွဲဆိုမှုများကို တရားရုံးများက မျှတစွာ သုံးသပ်ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း ဖော်ပြ၍ ဗဟိုအစိုးရကို အကြံပြုတိုက်တွန်းခဲ့သည်။

POCSO Act သည် အသက် ၁၈ နှစ်အောက် မည်သူမဆိုနှင့် လိင်ပိုင်းဆိုင်ရာ ဆက်ဆံမှုကို ပြစ်မှုအဖြစ် သတ်မှတ်ထားသောကြောင့် လူငယ်ချင်း အပြန်အလှန်သဘောတူ ဆက်ဆံရေးများမှာ ဤဥပဒေနှင့် အကျုံးဝင်လာခြင်းဖြစ်သည်။ ထိုသတ်မှတ်ချက်မှာ ဥပဒေ၏ရည်ရွယ်ချက်နှင့် လူငယ်များ၏ လက်တွေ့ဘဝအကြား ကွာဟချက်ကို ဖော်ပြနေပြီး Romeo-Juliet Clause ခြွင်းချက်ထည့်သွင်းခြင်းအားဖြင့် ဆယ်ကျော်သက်များ၏ဆက်ဆံရေးတွင် POCSO Act ကို လက်နက်အဖြစ် အသုံးချခြင်းမှ ကင်းလွတ်ကာ ကလေးသူငယ်များအပေါ် အမှန်တကယ် ပြစ်မှုကျူးလွန်သူများကို တိကျစွာ အပြစ်ပေးအရေးယူနိုင်မည်ဖြစ်ကြောင်း ဥပဒေပညာရှင်များက ယုံကြည်လျက်ရှိပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://lawchakra.in/high-court/pocso-act-not-to-persecute-young-adults/?amp=1

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၆ ) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

